**WUNPAWNG**

**JAWNGMA HTE RAMMA HPUNG**

**ALL KACHIN STUDENTS AND YOUTH UNION**


# (၄၈) နှစ်မြောက် ကချင်အမျိုးသားတော်လှန်ရေးနေ့ သဘောထားထုတ်ပြန်ချက်

ခရစ်သက္ကရာဇ် ၂၀၀၉ ခု၊ ဖေဖော်ဝါရီလ (၅) ရက်နေ့သည် ကချင်အမျိုးသားများ၏လွတ်လပ်ရေးအတွက် မြန်မာအစိုးရအား ကချင်လူမျိုးတို့က လက်နက်ဆွဲကိုင်တော်လှန်လာခဲ့သည့် ကချင်အမျိုးသားတော်လှန်ရေးနေ့၏ (၄၈) ခုနှစ်မြောက်သောနေ့ဖြစ်သည်။ မိမိတို့ ကချင်အမျိုးသားများအားလုံးနှင့် ပြည် လွတ်မြောက်ရေးအတွက် အသက်ပေးစွန့်လွှတ်ခဲ့ကြသည့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်များ၊ ရဲဘော်၊ ရဲမေများနှင့် လူပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကချင်တမျိုးသားလုံးဆိုင်ရာကျောင်းသားလူငယ်များသမဂ္ဂမှ အလေးအနက် ဦးညွှတ်ဂုဏ်ပြု၍ သင်တို့၏အမည်နာမများအား နှလုံးရင်ဝယ် ကမ္ပည်းမှတ်တမ်း ထိုးအပ်ပါ၏။

မြန်မာနိုင်ငံသည် ကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုးပေါင်းများစွာစုပေါင်းနေထိုင်သည့်တိုင်းပြည်ဖြစ်သော်လည်း စစ်အစိုးရအဆက်ဆက်က ၄င်းအားလျစ်လျူရှုကာ မဟာလူမျိုးကြီးဝါဒထူထောင်ပြီး တိုင်းရင်းသားလူမျိုးများ၏လွတ်လပ်ခွင့်နှင့် အခြေခံလူ့အခွင့်အရေးများစွာကို ခေတ်အဆက်ဆက် ချိုးဖေါက်လာခဲ့သည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့တိုင်းပြည်၏အနာဂတ်အရေးအတွက် ဗမာနှင့်အခြားတိုင်းရင်းသားလူမျိုးများအားလုံးတို့က ရှေ့ရှုမျှော်မှန်းသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုအားတည်ထောင်ရန် ကချင်လူမျိုးများကလည်း ဆန္ဒဖေါ်ထုတ်ခဲ့ကြပြီးဖြစ်သည်။ ထိုနည်းတူ ကချင် တမျိုးသားလုံးဆိုင်ရာကျောင်းသားလူငယ်များသမဂ္ဂသည်လည်း ကချင်လူမျိုးများ၏ဆုံးရှုံးခဲ့ရသော အခြေခံလူ့အခွင့်အရေးများနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်တို့အတွက် အကြမ်းမဖက်သောနည်းဖြင့် ရည်မှန်းချက်အဆုံးတိုင် တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

ယခုလက်ရှိ အာဏာသိမ်း နအဖစစ်အစိုးရသည် အမျိုးသားညီလာခံကိုတဖက်သတ်ကျင်းပခဲ့ပြီး မိမိစိတ်ကြိုက်ရေးဆွဲထားသော လမ်းပြမြေပုံအဆင့် (၇) ဆင့်အား အတိုက်အခံအင်အားစုများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအများ၏ သဘောထားနှင့်ဆန့်ကျင်စွာ၊ တိုင်းပြည်ရှိလူထုအား ခါးမိုး၍ တဆင့်ပြီးတဆင့် အကောင်အထည်ဖေါ်လာခဲ့သည်။

နအဖစစ်အစိုးရသည် တိုင်းသူပြည်သားများ၏ဆိုးရွားလှသည့် စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများအားတာဝန်ခံမှုကင်းမဲ့နေပြီး မိမိအာဏာတည်မြဲရေးအတွက် ၂၀၀၈ ခုနှစ်မေလတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆန္ဒခံယူပွဲအား အတင်းအဓမ္မကျင်းပခဲ့သည်။ ထို့ပြင်၄င်းအားအတည်ပြုပြီး ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကိုထပ်မံကျင်းပကာ ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးများအား ရာသက်ပန်စစ်ကျွန်ဘဝသို့ ရောက်စေရန်စီမံနေသည်။

အထူးသဖြင့် ကချင်ပြည်နယ်တွင်စစ်အစိုးရက ကချင်အမျိုးသမီးများအားလိင်မှုဆိုင်ရာမတရားအကြမ်းဖက်ခြင်း၊ ဌာနေလူထု၏ အသက်မွေးဝမ်းကြောင်းမှုနည်းနာစနစ်များအားမတရားဖျက်ဆီးပြစ်နေခြင်း၊ ကချင်ပြည်နယ်၏မြစ်ချောင်းများနှင့်သဘာဝပတ်ဝန်းကျင်များ အလွန်လျင်မြန်စွာဆိတ်သုန်းပျက်စီးစေသည့်စီမံကိန်းကြီးများ အကောင်အထည်ဖေါ်နေခြင်း၊ ကချင်လူထု၏လူမျိုးရေး၊ ဘာသာရေးလွတ်လပ်ခွင့်နှင့် အခြားအခြေခံအခွင့်အရေးများအားချိုးဖေါက်ခြင်းတို့ကို ဆက်လက်ကျူးလွန်လျက်ရှိနေသည်။

ထိုသို့ မတရားအခွင့်အရေးချိုးဖေါက်ခံနေရမှုများကို ကချင်မျိုးနွယ်စုလူမျိုးအသီးသီးနှင့် ကချင်ပြည်နယ်သူပြည်နယ်သားများအားလုံးက စုစည်းညီညွှတ်စွာဖေါ်ထုတ်ပြီး မိမိတို့၏အမှန်တကယ်လိုလားတောင့်တမှုဖြစ်သော စစ်အာဏာရှင်စနစ်ပပျောက်ရေး၊ ဒီမိုကရေစီစနစ်ပြန်လည်ပေါ်ပေါက်ထွန်းကားလာရေးနှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေးတို့အတွက် လူတစ်ဦးတိုင်း တစ်ယောက်စီတိုင်းက တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြရန် အလေးအနက်တိုက်တွန်းအပ်သည်။

- ■ ဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးနှင့်မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးအား ဝိုင်းဝန်းဆောင်ရွက်ကြ
- ■ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအား ဆန့်ကျင်ကြ
- ■ ကချင်ပြည်နယ် ချီဖွေရေကာတာ တည်ဆောက်နေမှုအား ဆန့်ကျင်ကြ
- ■ ကချင်လူမျိုးများတို့၏ ဆုံးရှုံးခဲ့ရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခွင့်အရေးများအတွက် ကာကွယ်တိုက်ပွဲဝင်ကြ

ကချင်တမျိုးသားလုံးဆိုင်ရာကျောင်းသားလူငယ်များသမဂ္ဂ
ဖေဖော်ဝါရီလ ၅ ရက် ၂၀၀၉ ခု


ဆက်သွယ်ရန်။ ။
ဒုဥက္ကဌ – လီယိုနာဒ်ရှင်းရာချန်း + ၆၆ ၈၁ ၃၈၇ ၃၈၁၇။ အတွင်းရေးမှူး – နော်ခမ်း အင်ဖေါ့ + ၆၆ ၈၅ ០၃၈ ၇၂၄၅